# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၁၁) ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်


## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသောဥပဒေအသစ်များအကြောင်း သိကောင်းစရာ။ | ၂-၄ |
| ၂။ | အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း လုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်နှင့် စပ်လျဉ်းသည့်သတင်းစဉ်။ | ၅-၈ |
| ၃။ | တရုတ်နိုင်ငံ၏မြေအသုံးပြုခွင့်နှင့် မြေအသုံးပြုသည့်စနစ်အကြောင်းသိကောင်းစရာ။ | ၉-၁၁ |
| ၄။ | ဂျပန်နိုင်ငံ၏ ဥပဒေပညာအသက်မွေးလုပ်ငန်း (Legal Profession) လုပ်ကိုင်ခွင့်အတွက် အရည်အချင်းစစ်စာမေးပွဲ။ | ၁၂-၁၃ |
| ၅။ | အမှုအကျဉ်းချုပ်လျှောက်လဲချက်တွင် AI ChatGPT ၏ အတုအယောင်စီရင်ထုံးကိုးကားချက်ထည့်သွင်းထားသည့်အတွက် ရှေ့နေ ၂ ဦးနှင့် ၎င်းတို့၏ Law Firm အရေးယူခံရခြင်း။ | ၁၄-၁၅ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၁၁) ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်ဆေးဝါးမှတ်ပုံတင်ခြင်းအမိန့် (အမိန့်ကြော်ငြာစာအမှတ် ၃/၁၉၉၃ ကို ပြင်ဆင်သည့် အမိန့်)နှင့် စီးပွားကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကထုတ်ပြန်သည့် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့်အကောက်ခွန်ဆိုင်ရာနည်းဥပဒေများကို အများပြည်သူများလွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ခေတ်ကာလနှင့်လျော်ညီစွာ အီလက်ထရောနစ်စနစ် (e-Submission System) အသုံးပြု၍ ဆေးဝါးမှတ်ပုံတင်လျှောက်ထားနိုင်ရေးအတွက် (၁၄.၇.၂၀၂၃) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၆၁/၂၀၂၃ ဖြင့် ဆေးဝါးမှတ်ပုံတင်ခြင်းအမိန့် (အမိန့်ကြော်ငြာစာအမှတ် ၃/၁၉၉၃) ကို ပြင်ဆင်သည့်အမိန့်အား ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။

စီးပွားကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ၁၄.၇.၂၀၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၂၃ဖြင့် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့်အကောက်ခွန်ဆိုင်ရာနည်းဥပဒေများကို ထုတ်ပြန်ခဲ့ပါသည်။ယင်းနည်းဥပဒေ အပိုဒ် ၂ (ဃ)တွင် "အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်း"ဆိုသည်မှာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီမှတ်ပုံတင်ထားသော အမှတ်တံဆိပ်၊ ကုန်အမှတ်တံဆိပ်၊ ဝန်ဆောင်မှုအမှတ်တံဆိပ်၊ စုပေါင်းပိုင်အမှတ်တံဆိပ်၊ အသိအမှတ်ပြုအမှတ်တံဆိပ်၊ ဒေသဆိုင်ရာအညွှန်း၊ ကျော်ကြားသော အမှတ်တံဆိပ်၊ ကုန်သွယ်မှုအမည်တို့နှင့်စပ်လျဉ်း၍အခွင့်အရေးရရှိသူ၏ သဘောတူညီချက်မပါဘဲ အခြားသူတစ်ဦးဦးမှ ထပ်တူ သို့မဟုတ် အလားတူ တုပ၍ စီးပွားဖြစ်အသုံးပြုရန်ပြုလုပ်ထားသော ကုန်ပစ္စည်းများဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကိုအကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်း၍ မှတ်တမ်းထားရှိပေးရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ထားသည့်ပုံစံများတွင် ပြည့်စုံစွာဖြည့်စွက်၍ လျှောက်ထားရမည်ဖြစ်ပြီး ညွှန်ကြားရေးမှူးချုပ်ကမှတ်တမ်းထားရှိပေးရန် လျှောက်ထားချက်များနှင့် စပ်လျဉ်း၍ စိစစ်ပြန်ကြားခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကို ပြုလုပ်နိုင်သည်။ မှတ်တမ်းထားရှိခြင်း သက်တမ်းသည် လျှောက်ထားချက်အား အတည်ပြုလက်ခံသည့်နေ့မှစ၍ နှစ်နှစ်ဖြစ်ကြောင်း ထုတ်ပြန်ထားပါသည်။

ထို့ပြင် အမှတ်တံဆိပ်အတုကို အသုံးပြုထားသည်ဟု စွပ်စွဲခံထားရသော ကုန်ပစ္စည်းများကို နိုင်ငံတော်နယ်နိမိတ်အတွင်းသို့ တင်သွင်းထားကြောင်း သို့မဟုတ် တင်သွင်းလျက်ရှိကြောင်း သို့မဟုတ် တင်သွင်းရန်ရှိကြောင်း သံသယဖြစ်ဖွယ်အထောက်အထားများရှိပါက အဆိုပါကုန်ပစ္စည်းများကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့မိန့်ထုတ်ပေးရန် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားနိုင်ပြီး အကောက်ခွန်ဦးစီးဌာန၌ မှတ်တမ်းထားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လျှောက်ထားနိုင်ပါသည်။ ထိုသို့လျှောက်ထားမှုအပေါ် ညွှန်ကြားရေးမှူးချုပ်က စိစစ်ပြန်ကြားခြင်းနှင့် အာမခံထားရှိခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

အကောက်ခွန်ဦးစီးဌာနသည် မူပိုင်ခွင့်တရားရုံးက အမိန့်ချမှတ်ပြီးသည့် အချိန်အထိ အာမခံစပေါ်ငွေ ပြန်လည်ထုတ်ပေးခြင်းကို ဆိုင်းငံ့ထားနိုင်ကြောင်း နည်းဥပဒေ အခန်း (၅)တွင် ဖော်ပြထားပါသည်။ နည်းဥပဒေ အခန်း (၆)တွင် ဆိုင်းငံ့မိန့် ထုတ်ပြန်ထားသော ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာနသည် ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်အရ ဖြစ်စေ၊ မူပိုင်ခွင့်တရားရုံး၏ အမိန့်နှင့်အညီဖြစ်စေ စီမံခန့်ခွဲရမည်ဟု ဖော်ပြထားပါသည်။

ညွှန်ကြားရေးမှူးချုပ်သည် အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ကမ္ဘာ့အကောက်ခွန်အဖွဲ့၊အခြားနိုင်ငံမှအကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့နှင့် သတင်းအချက်အလက်များ ဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်သည်ဟု သိရှိရပါသည်။

ဤနည်းဥပဒေအရ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်မှတ်တမ်းထားရှိပေးရန်၊ ဆိုင်းငံ့မိန့်ထုတ်ပေးရန်စသည့် လျှောက်ထားလွှာပုံစံများကို (MLIS) Website တွင် ထည့်သွင်းဖော်ပြထားသောကြောင့် အလွယ်တကူ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်နှင့် စပ်လျဉ်းသည့် သတင်းစဉ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ)အရ ပြည်ထောင်စုအစိုးရအဖွဲ့က အပ်နှင်းထားသော အခွင့်အာဏာကို ကျင့်သုံး၍ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၂၃ ဖြင့် ထုတ်ပြန်ခဲ့ကြောင်းသိရှိရပါသည်။

ယင်းအမိန့် ထုတ်ပြန်ချက်အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လိုသူသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနက သတ်မှတ်သော လျှောက်လွှာပုံစံတွင်ဖြည့်သွင်း၍ အွန်လိုင်းစနစ်ဖြင့် ဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်လက်မှတ်လျှောက်ထားသူသည် ကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ အထူးကုမ္ပဏီအက်ဥပဒေ၊ သမဝါယမအသင်းဥပဒေ၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တို့အရဖွဲ့စည်းတည်ထောင်သော၊ကိုယ်ပိုင်အမည်သတ်မှတ်ချက်ဖြင့်တရားဝင်ဝက်ဘ်ဆိုဒ်ရရှိထားသော၊လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မည့်နေရာကိုတင်ပြနိုင်သောကုမ္ပဏီသို့မဟုတ် စီးပွားရေးအဖွဲ့အစည်းဖြစ်ရမည်ဖြစ်ကြောင်း၊လူပုဂ္ဂိုလ်ဖြစ်ပါကမြန်မာနိုင်ငံအတွင်း အခြေချနေထိုင်လျက် ရှိသူ၊ အသက် ၁၈ နှစ် ပြည့်ပြီးသူ၊ အမိန့်ပါသတ်မှတ်ချက်များကို လိုက်နာနိုင်သူ၊ စိတ်ပေါ့သွပ်သူမဟုတ်သူ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်က အမည်ပျက်စာရင်း ကြေညာထားသော ပုဂ္ဂိုလ်မဟုတ်သူ၊ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မည့်နေရာ တင်ပြနိုင်သူဖြစ်ရမည်ဖြစ်ကြောင်း၊ လျှောက်ထားရာတွင် အချက်အလက်များ၊ အထောက်အထားများ ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း သိရသည်။

ကုန်သွယ်ရေးဦးစီးဌာနက လျှောက်လွှာပုံစံပါအချက်အလက်နှင့် ပူးတွဲတင်ပြသည့်အထောက်အထားများစိစစ်ခြင်း၊ စားသုံးသူရေးရာဦးစီးဌာနနှင့်ညှိနှိုင်း၍ မြေပြင်အခြေအနေစစ်ဆေးခြင်းများ ဆောင်ရွက်ပြီး အပိုဒ် ၈ ပါအချက်များနှင့်ငြိစွန်းပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ရ

မည်ဖြစ်ကြောင်းနှင့် အပိုဒ် ၈ ပါအချက်များနှင့် ငြိစွန်းခြင်းမရှိပါက မှတ်ပုံတင်ကြေးနှင့်ဝန်ဆောင်ခ ပေးသွင်းရန်လျှောက်ထားသူထံအကြောင်းကြားရမည်ဖြစ်ကြောင်း၊ လျှောက်ထားသူသည်ရက်သတ္တ ပတ်နှစ်ပတ်အတွင်း မှတ်ပုံတင်ကြေးနှင့် အွန်လိုင်းဝန်ဆောင်ခကို ဦးစီးဌာနက သတ်မှတ်သည့် ဒီဂျစ်တယ်ငွေပေးချေမှုဖြင့်ပေးသွင်းရမည်ဖြစ်ပြီးမှတ်ပုံတင်ကြေးနှင့်ဝန်ဆောင်ခရရှိပါက အွန်လိုင်းမှ တစ်ဆင့် မှတ်ပုံတင်လျှောက်ထားသူထံ မှတ်ပုံတင်လက်မှတ် ထုတ်ပေးမည်ဖြစ်ကြောင်း၊ မှတ်ပုံတင် လက်မှတ်သက်တမ်းမှာ စတင်ထုတ်ပေးသည့်နေ့ရက်မှ နှစ်နှစ်ဖြစ်ကြောင်း၊ မှတ်ပုံတင်လက်မှတ် ရရှိသူသည် အချက်တစ်ရပ်ရပ်ကို ပြင်ဆင်လိုပါက ဦးစီးဌာနက သတ်မှတ်သောလျှောက်လွှာပုံစံတွင် ဖြည့်သွင်း၍ အွန်လိုင်းဝန်ဆောင်ခပေးသွင်းပြီး အွန်လိုင်းစနစ်ဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်း၊ မှတ်ပုံတင် လက်မှတ်ရရှိသူသည် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ သက်တမ်းတိုး လျှောက်ထားရမည်ဖြစ်ကြောင်းနှင့်သက်တမ်းတိုးလျှောက်ထားခြင်းမရှိပါကသက်တမ်းကုန်ဆုံးသည့် နေ့ရက်တွင် မှတ်ပုံတင်လက်မှတ်သည် အလိုအလျောက်ပျက်ပြယ်မည်ဖြစ်ကြောင်း သိရသည်။

မှတ်ပုံတင်လက်မှတ်ရရှိသူသည် ရောင်းချသောကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ပြီး အရောင်းပြေစာပေးအပ်ရမည်ဖြစ်ကြောင်း၊ ရိုးရှင်း မှန်ကန် သောသတင်းအချက်နှင့်အာမခံချက်များ ပေးရမည်ဖြစ်ကြောင်း၊ ကျသင့်တန်ဖိုးနှင့်ညီမျှသည့် အရည် အသွေးပြည့်မီစေရန် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်ဖြစ်ကြောင်း၊ ပေးအပ်ထားသော သတင်းအချက်အလက် သို့မဟုတ် အာမခံချက်များနှင့် ကိုက်ညီမှုမရှိ၍ စားသုံးသူက ပြန်လည် အပ်နှံ လိုပါက သတ်မှတ်ချက်နှင့် ပြန်လည်အပ်နှံနိုင်သည့်ကာလတို့ကို သတ်မှတ်ပေးရမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်လက်မှတ်လျှောက်ထားစဉ်ကပါဝင်ခြင်းမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု တစ်ရပ် ရပ် ရောင်းချခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း၊ ရောင်းချရာတွင် စားသုံးသူကို မထီမဲ့မြင်ပြုသော သို့မဟုတ် စားသုံးသူ၏ဂုဏ်သိက္ခာကိုထိခိုက်စေသောပြုမူပြောဆိုမှုကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း၊ စားသုံးသူက ငွေပေးချေရန်နည်းလမ်းများနှင့် ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်များ ပေးရမည် ဖြစ်ကြောင်း၊ စားသုံးသူထံ ကုန်စည်ပို့ဆောင်မည့်နည်းလမ်းနှင့်သတ်မှတ်ချက်များကို

မရောင်းချမီကြိုတင်အသိပေးခြင်း၊ ရွေးချယ်ခွင့်ပေးခြင်းနှင့် ယင်းအချက်များနှင့် အညီကုန်စည်ပို့ဆောင်ပေးရမည်ဖြစ်ကြောင်း၊ စားသုံးသူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက် သို့မဟုတ် စားသုံးသူက မဖော်ပြစေလိုသော အချက်အလက်များကို ထုတ်ဖော်ခြင်းမပြုဘဲ ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတစ်ဆင့် နိုင်ငံရေးကို ရည်ရွယ်၍သော်လည်းကောင်း၊ လှုံ့ဆော်မှု၊ ဟောပြောမှု၊ စည်းရုံးမှု၊ အားပေးမှုနှင့် ဆန္ဒဖော်ထုတ်မှုများပြုလုပ်ခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်လက်မှတ်ကို အခြားသူတစ်ဦးဦးထံ လွှဲပြောင်းခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာမှုရှိစွာ ရောင်းချရမည်ဖြစ်ကြောင်း၊ အစားအသောက် သို့မဟုတ် ဆေးဝါး သို့မဟုတ် ဆေးပစ္စည်း သို့မဟုတ် အလှကုန် ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ချမှတ်သော စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က အခါအားလျော်စွာထုတ်ပြန်သည့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း နှင့် ယင်းသတ်မှတ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက ဦးစီးဌာနသည် မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့သည့် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ပယ်ဖျက်သည့် အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်ကြောင်း၊ ဦးစီးဌာန၏ အမိန့်ကို မကျေနပ်သူသည် ဝန်ကြီးဌာနသို့ ရက်ပေါင်း ၆၀ အတွင်း စာဖြင့်ရေးသား၍ အယူခံဝင်ရောက်နိုင်ကြောင်း၊ ဝန်ကြီးဌာနသည် ဦးစီးဌာနက ချမှတ်သည့်အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်ပြီး ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ကြောင်းသိရသည်။

မှတ်ပုံတင်လက်မှတ်ဆိုင်းငံ့ခံရလျှင် သို့မဟုတ် ပယ်ဖျက်ခံရလျှင် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုရကြောင်း၊ ဦးစီးဌာနသည် လျှောက်လွှာပုံစံ၊ မှတ်ပုံတင်လက်မှတ်ပုံစံ၊ မှတ်ပုံတင်ကြေးနှင့် အွန်လိုင်းဝန်ဆောင်ခတို့ကို သတ်မှတ်မည်ဖြစ်ကြောင်း၊ ဤအမိန့်အရထုတ်ပေးသောမှတ်ပုံတင်လက်မှတ်မရှိဘဲအွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်းလုပ်ငန်းကိုဆောင်ရွက်လျှင် အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း၊

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၁၁) ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်

ဦးစီးဌာနသည် အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်လက်မှတ်ရရှိသူများ စာရင်းကိုအများပြည်သူသိရှိစေရန် ဦးစီးဌာန၏အွန်လိုင်းမှတ်ပုံတင်စနစ်တွင်ဖော်ပြမည် ဖြစ်ကြောင်း နှင့် မှတ်ပုံတင်ကြေးနှင့် ဝန်ဆောင်ခကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းမည်ဖြစ်ကြောင်း သိရသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း အမိန့်နှင့်ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: https://www.commerce.gov.mm

## တရုတ်နိုင်ငံ၏ မြေအသုံးပြုခွင့်နှင့် မြေအသုံးပြုသည့်စနစ်အကြောင်း သိကောင်းစရာ

တရုတ်နိုင်ငံသည်စီးပွားရေးကဏ္ဍာတိုးတက်လာသည်နှင့်အမျှ စီးပွားရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်သည့်အခါ လူနေထိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရမည့်မြေနေရာ အသုံးပြုမှုများကို အလျှင်အမြန်တိုးတက်ပြောင်းလဲရန် လိုအပ်သည်ကိုတွေ့ရှိခဲ့ကြပါသည်။ အဆိုပါကဏ္ဍာများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အလို့ငှာ ၁၉၈၈ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ခဲ့ကြပါသည်။ ယင်းဥပဒေ ပြင်ဆင်ချက်တွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများသည် အစိုးရထံမှ မြေအသုံးပြုခွင့်ရရှိမည်ဖြစ်ပြီး ၎င်းတို့သည် အဆိုပါ မြေအသုံးပြုခွင့်ကို စည်းကမ်းသတ်မှတ်၍ အခြားသူတစ်ဦး(third party) ထံသို့လည်း လွှဲပြောင်းနိုင်ပါသည်။ ထို့ပြင် အစိုးရဌာနပိုင်လုပ်ငန်း သို့မဟုတ် အခြား အဖွဲ့အစည်းများက ၎င်းတို့ကိုယ်ပိုင်မြေအဖြစ် ပိုင်ဆိုင်ခွင့်မရှိဘဲ အစိုးရ၏ခွင့်ပြုချက်ဖြင့် မြေအသုံးပြုခွင့်သာ ရရှိမည်ဖြစ်သည်ကို တွေ့ရှိရပါသည်။

မြေအသုံးပြုခွင့်နှင့်မြေအသုံးပြုသည့်စနစ်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းကို သက်ဆိုင်ရာဒေသရှိ မြေနှင့်အိမ်ရာစီမံအုပ်ချုပ်မှုဌာနများတွင်လျှောက်လွှာတင်သွင်းရမည်ဖြစ်ပါသည်။တင်သွင်းလာသည့်လျှောက်လွှာများကိုအတည်ပြုခြင်း၊ မှန်ကြောင်းသက်သေခံလက်မှတ် ထုတ်ပေးခြင်းများကို အဆင့်ဆင့်သော အစိုးရဌာနအဖွဲ့အစည်းများက စိစစ်ဆောင်ရွက်၍ ထုတ်ပေးမည်ဖြစ်ပါသည်။ ထို့ပြင် အမျိုးသားမြေစီမံခန့်ခွဲမှုအဖွဲ့ (State Administration of Land) ကထုတ်ပြန်ခဲ့သည့် “Implementation of the Administration of Urban Property Law by Improving Land Registration” တွင် Pre-Sale of commercial premises (စီးပွားရေးကိစ္စအလို့ငှာ ဆောက်လုပ်ထားသည့် အဆောက်အဦကို ကြိုတင်ရောင်းချခြင်း) ၊ Granting of a lease (အငှားနေထိုင် ခွင့်ပြုခြင်း)၊ Change of land conditions (မြေအမျိုးအစား ပြောင်းလဲခြင်း)၊ Obtaining land use rights by way of granting or allocation and building of houses on the land for real estate development (မရွှေ့မပြောင်းနိုင်သောပစ္စည်း/ အိမ်ခြံမြေ တန်ဖိုးမြင့်တင်လာရေးအတွက်မြေကိုငှားရမ်းခြင်းသို့မဟုတ် နေထိုင်ခွင့်ရရှိခြင်းနှင့် အိမ်ဆောက်လုပ်

ခွင့်များကို ဆောင်ရွက်နိုင်ရန်မြေအသုံးပြုခွင့်ရယူခြင်း)၊ Mortagage of real estate (မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပေါင်နှံခြင်း) ကိစ္စရပ်များကို မှတ်ပုံတင်ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

သက်ဆိုင်ရာဒေသအာဏာပိုင်အစိုးရသည် စာချုပ်သက်တမ်းမကုန်ဆုံးမီ Land use unit is dissolved or has moved away (မြေအသုံးပြုခွင့်ရရှိထားသည့် မြေကိုဖျက်သိမ်းခြင်း သို့မဟုတ် အခြားတစ်နေရာသို့ အသုံးပြုစေခြင်း)၊ Land is vacant for 2 consecutive years even after approval (ခွင့်ပြုချက်ရရှိပြီးနောက် နှစ်နှစ်အတွင်း အသုံးပြုမှုမရှိခြင်း)၊ Land is used in a way inconsistant with the approval scope (သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း အသုံးမပြုခြင်း)၊ Public road, railways, airports, mining areas, etc, have been abandoned upon due verification and approval (အသုံးပြုခွင့်ပြုရန် ထောက်ခံပါက အများပြည်သူဆိုင်ရာလမ်းများ၊ မီးရထားလမ်းများ၊ လေဆိပ်များ၊ သတ္တုတွင်းတူးဖော်သည့်နေရာ များကို စွန့်လွှတ်ရခြင်း) စသည့်ကိစ္စရပ်များပေါ်ပေါက်လာပါက မြေအသုံးပြုခွင့်ကို ရုပ်သိမ်းနိုင်ပါသည်။

မြို့ပြမြေယာဥပဒေ (Urban Real Estae Law) အရ မြေအသုံးပြုခွင့်ပြုရာတွင် အများဆုံးခွင့်ပြုသည့်ကာလကို စာချုပ်တွင် ဖော်ပြရန်လိုအပ်သဖြင့် လူနေထိုင်ရန်အတွက် နှစ် ၇၀၊ စက်မှုလုပ်ငန်းများအတွက် နှစ် ၅၀၊ ပညာရေး၊ သိပ္ပံပညာ၊ ယဉ်ကျေးမှု၊ ကျန်းမာရေးနှင့် ကိုယ်လက်ကျန်းမာရေးကိစ္စများအတွက် နှစ် ၅၀၊ စီးပွားရေး၊ ခရီးသွားလာရေး၊ အပန်းဖြေရေးလုပ်ငန်းများအတွက် နှစ် ၄၀၊ အများပိုင်နေရာအဖြစ်အသုံးပြုခြင်းနှင့် အခြားသောကိစ္စရပ်များ အတွက် နှစ် ၅၀ စသည့် မြေအသုံးပြုသည့်ကဏ္ဍအလိုက် ခွင့်ပြုကာလသတ်မှတ်ခြင်းကို တရုတ်နိုင်ငံ၏ နိုင်ငံတော်ကောင်စီက သတ်မှတ်ပေးနိုင်ပါသည်။

ထို့ပြင်တရုတ်နိုင်ငံတွင် နေထိုင်သည့်နိုင်ငံခြားသားများသည်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ မြေအသုံးပြုခွင့်ရှိပါသည်။ သို့ရာတွင် နိုင်ငံခြားသား ဖြစ်စေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူဖြစ်စေ၊ နေထိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် မြေအသုံးပြုခွင့် ရရှိသည်မှအပ မြေပိုင်ဆိုင်ခွင့်မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။အချုပ်အားဖြင့်ဆိုသော်တရုတ်နိုင်ငံသည်နိုင်ငံတော်ကောင်စီ၏အတည်ပြု

ချက်၊ သက်ဆိုင်ရာဒေသအစိုးရ အာဏာပိုင် များ၏ ခွင့်ပြုချက်ဖြင့် မြေအသုံးပြုခွင့်ပေးအပ်သည့်အခါ နိုင်ငံသား၊ နိုင်ငံခြားသား ခွဲခြားခြင်း မရှိဘဲ တန်းတူအကျိုးခံစားခွင့်ရှိကြောင်း သိရှိရပါသည်။

အထွေထွေဥပဒေအကြံပေးရေးဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

၁။ https://landportal.org/node/92138, Cornell Real Esate Review, volume 3, Article 6, Land Use Rights in China, Zhenhuan Yuan, Cornell University.

၂။ https://www.chinasymposium.com/articles/Doing_Business_In_China/Land_Use_Rights_Foreigners_China, Land Use Rights of Foreigners in China, written jointly by Zhu Wen and Prof Peter Koh.

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၁၁) ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်

## ဂျပန်နိုင်ငံ၏ ဥပဒေပညာအသက်မွေးလုပ်ငန်း (legal profession) လုပ်ကိုင်ခွင့်အတွက် အရည်အချင်းစစ်စာမေးပွဲ

ဂျပန်နိုင်ငံတွင် ဥပဒေပညာရပ်ဆိုင်ရာအသက်မွေးလုပ်ငန်း (legal profession) အတွက် သတ်မှတ်သည့် အရည်အချင်းပြည့်မီသူ မည်သူမဆို ဥပဒေအရာရှိ၊ တရားသူကြီး သို့မဟုတ် ရှေ့နေအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်ပါသည်။ ယင်းသို့ ဝင်ရောက်လုပ်ကိုင်နိုင်ရန် Bar Examination ခေါ် ဥပဒေပညာအရည်အချင်းစစ်စာမေးပွဲသည် အရေးပါသော အရည်အချင်းဆန်းစစ်မှုတစ်ရပ် ဖြစ်ပါသည်။

ဂျပန်နိုင်ငံ၏ ဥပဒေပညာအရည်အချင်းစစ်စာမေးပွဲအက်ဥပဒေ (Bar Examination Act) ကို ၁၉၄၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး တရားရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ပါသည်။ ယင်းအက်ဥပဒေအရ ဥပဒေပညာအရည်အချင်းစစ်စာမေးပွဲများ ကျင်းပပေးရန်အတွက် အမျိုးသား အဆင့်ဥပဒေပညာအရည်အချင်းစစ်စာမေးပွဲကော်မရှင်(National Bar Examination Commission) ကို ဖွဲ့စည်းထားပါသည်။ ရည်ရွယ်ချက်မှာစာမေးပွဲဖြေဆိုသူတစ်ဦးသည် တရားသူကြီး၊ ဥပဒေအရာရှိ သို့မဟုတ် ရှေ့နေ အလုပ်အတွက် လိုအပ်သော အသိပညာဗဟုသုတကို တတ်မြောက်ခြင်း ရှိ မရှိနှင့် ယင်းအသိပညာဗဟုသုတကို လက်တွေ့အသုံးချနိုင်ခြင်း ရှိ မရှိ ဆုံးဖြတ်နိုင်ရေးအတွက် ဖြစ်ပါသည်။

အဆိုပါကော်မရှင်ကို တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရှေ့နေများအပြင် တရားရေး ဝန်ကြီးက ရွေးချယ်ခန့်အပ်သည့် အသိပညာနှင့် အတွေ့အကြုံရှိ ပုဂ္ဂိုလ်များ အပါအဝင် စုစုပေါင်း အဖွဲ့ဝင် ၇ ဦး ဖြင့် ဖွဲ့စည်းထားပါသည်။ ကော်မရှင်အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းမှာ ၂ နှစ် ဖြစ်ပြီး ကော်မရှင် ရုံးလုပ်ငန်းများကို အချိန်ပိုင်း (Part-time) လုပ်ကိုင်ကြရပါသည်။ ကော်မရှင်၏ တာဝန် များတွင် ဥပဒေပညာအရည်အချင်းစစ်စာမေးပွဲ နှင့် အကြိုစာမေးပွဲများ (Preliminary Examination) စီစဉ်ကျင်းပပေးခြင်း၊ ဥပဒေပညာရပ် ဆိုင်ရာစာမေးပွဲနှင့် အကြိုစာမေးပွဲများအတွက် အရေးပါသည့် ကိစ္စရပ်များကို လေ့လာခြင်း၊ စိစစ်ဆွေးနွေးခြင်း နှင့် တွေ့ရှိချက်များကို တရားရေးဝန်ကြီးထံ တင်ပြခြင်းတို့ပါဝင်သည်။

ကော်မရှင်သည် ဥပဒေပညာအရည်အချင်းစစ်စာမေးပွဲနှင့် အကြိုစာမေးပွဲများကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်ကျင်းပပြီး စာမေးပွဲအောင်မြင်သူများအား သက်ဆိုင်ရာစာမေးပွဲအတွက် အောင်လက်မှတ်များထုတ်ပေးပါသည်။

ဂျပန်နိုင်ငံတွင် ဥပဒေပညာအရည်အချင်းစစ်စာမေးပွဲဖြေဆိုနိုင်သည့် နည်းလမ်း ၂ ခုရှိပါသည်။ ဥပဒေပညာသင်ယူပြီးမြောက်ထားသူသည် ကျောင်းပြီးဆုံးပြီး ပထမဆုံး ကျရောက်သည့် ဧပြီလ ၁ ရက်နေ့မှစ၍ ၅ နှစ်ပြည့်မြောက်သည့်နေ့အထိ ခေါ်ယူသည့် ဥပဒေပညာအရည်အချင်းစစ် စာမေးပွဲများကို ဖြေဆိုနိုင်ပါသည်။ ငွေကြေးအခက်အခဲ သို့မဟုတ် အခြားအကြောင်းများကြောင့် ဥပဒေကျောင်းမတက်ရောက်ခဲ့သော်လည်း ဥပဒေအခြေခံသဘောတရားသိရှိနားလည်သူ မည်သူမဆို အကြိုစာမေးပွဲဖြေဆိုစေပြီး ယင်းအကြိုစာမေးပွဲဖြေဆို အောင်မြင်ထားသူသည်လည်း ၎င်းအောင်မြင်ခဲ့သည့် စာမေးပွဲရလဒ်ကြေညာပြီး ပထမဆုံး ကျရောက်သည့် ဧပြီလ ၁ ရက်နေ့မှ ၅ နှစ် ပြည့်မြောက်သည့်နေ့အထိ ခေါ်ယူသည့် ဥပဒေပညာအရည်အချင်းစစ်စာမေးပွဲများကို ဖြေဆိုနိုင်ပါသည်။ အဆိုပါ ဥပဒေပညာအရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ဥပဒေအရာရှိ သို့မဟုတ် တရားသူကြီးအဖြစ် လျှောက်ထားနိုင်သည့် အပြင် ရှေ့နေအဖြစ်လည်း လုပ်ကိုင်နိုင်ပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

## အမှုအကျဉ်းချုပ်လျှောက်လဲချက်တွင် AI ChatGPT ၏ အတုအယောင်စီရင်ထုံး ကိုးကားချက် ထည့်သွင်းထားသည့် အတွက် ရှေ့နေ ၂ ဦးနှင့် ၎င်းတို့၏ Law Firm အရေးယူခံရခြင်း

အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ရှိ Levidow၊ Levidow & Oberman Law firm ၏ ရှေ့နေ ၂ ဦးက ဉာဏ်ရည်တု AI chatbot, ChatGPT မှထုတ်ပေးသော အတုအယောင် စီရင်ထုံးကိုးကားချက် ခြောက်ခုပါဝင်သည့် အမှုအကျဉ်းချုပ် လျှောက်လဲချက်ကို နယူးယောက်မြို့၊ မက်ဟန်တန် (ManHattan) ခရိုင်တရားရုံးသို့ တင်သွင်းခဲ့သဖြင့် သက်ဆိုင်ရာ တရားသူကြီးက အရေးယူမှုနှစ်ခုကို ပြုလုပ်ခဲ့သည်။ Manhattan ရှိ ခရိုင်တရားသူကြီး P. Kevin Castel မှ ရှေ့နေ ၂ ဦးဖြစ်သည့် Steven Schwartz, Peter LoDuca နှင့် ၎င်းတို့၏ law firm ဖြစ်သည့် Levidow၊ Levidow & Oberman တို့အား စုစုပေါင်း ဒဏ်ငွေ $5,000 ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ သည်။

ခရိုင်တရားသူကြီးက ရှေ့နေ ၂ ဦးသည် မရိုးမဖြောင့်သော သဘောဖြင့် မှားယွင်းသော တင်ပြချက်များကို တရားရုံးသို့ တင်ပြခဲ့ခြင်းဖြစ်သည်ဟု မှတ်ချက်ပြုခဲ့သည်။ Levidow၊ Levidow & Oberman law Firm ၏ ထုတ်ပြန်ချက်တွင်မူ မိမိတို့၏ ရှေ့နေများက မရိုးမဖြောင့်သော သဘောဖြင့် တင်ပြခဲ့သည်ဆိုသည့် တရားရုံး၏ မှတ်ချက်အား လေးစားစွာ သဘောမတူကြောင်းနှင့် မိမိတို့၏ ရှေ့နေများမှာသဘောရိုးဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ခေတ်မီ AI နည်းပညာက အမှုအကျဉ်းချုပ် လျှောက်လဲချက်အားပိုမိုပြည့်စုံစေရန်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်မိခဲ့သည့်အမှားသာဖြစ်ကြောင်း ဖော်ပြထားခဲ့သည်။ ရှေ့နေ ၂ ဦးဖြစ်သည့် Steven Schwart နှင့် Peter LoDuca တို့ကမူ အထက်ပါ ကိစ္စအတွက် မှတ်ချက်ပေးရန် ငြင်းဆိုထားကြသည်။

အဆိုပါ ကိစ္စရပ်ဖြစ်ပွားခဲ့သည့်အမှုမှာ Levidow၊ Levidow & Oberman law Firm ၏ အမှုသည်နှင့် ကိုလံဘီယာ လေကြောင်းလိုင်းဖြစ်သည့် Avianca airline အကြားတွင် ဖြစ်ပွားခဲ့သည့် ထိခိုက်ဒဏ်ရာရရှိနစ်နာမှုအတွက် စွဲဆိုခဲ့သည့် အမှုတွင်ဖြစ်သည်။

Avianca ၏ရှေ့နေ Bart Banino က ရှေ့နေများက ChatGPT ကိုအသုံးပြုခြင်းအတွက် တရားရုံးက မှန်ကန်သောကောက်ချက်ချနိုင်ခဲ့ကြောင်းပြောကြားခဲ့သည်။ တရားရုံး၏ အမိန့်တွင် AI

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၁) အမှတ် (၁၁) ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်

အကူအညီရယူခြင်းသည် သာမန်အားဖြင့် ရှေ့နေများအတွက် မလျော်ကန်သောကိစ္စရပ် မဟုတ်သော်လည်း ရှေ့နေကျင့်ဝတ်စည်းမျဉ်းများအရ တရားစွဲဆိုမှုများ၏ တိကျမှုကို သေချာစေရန် အမှုတွဲတည်ဆောက်ရာတွင် တိကျသေချာစွာ စိစစ်ပြီးမှ တရားရုံးသို့ တင်ပြရန် တာဝန်ရှိသည်ဟု သုံးသပ်ခဲ့သည်။ ယခုကဲ့သို့ အရေးယူမှုသည် ရှေ့နေများအနေဖြင့် AI အားအသုံးပြု၍ အမှုတည်ဆောက်ခြင်းများအတွက် သတိထားဖွယ်ရာကိစ္စရပ်တစ်ခုပင်ဖြစ်ပါသည်။

ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်- Reuters သတင်းဌာနစာမျက်နှာ

---

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

